စံတင်ကင်း(တ)ကျေးရွာ

မြင်းမူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စံတင်ကင်း(တောင်)ကျေးရွာ၊ မြင်းမူမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်

မာတိကာ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီအနေအထား
၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ
၃။ **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**
၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ
၅။ **အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**
၆။ ပညာရေး
၇။ ကျန်းမာရေး
၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
၉။ ကျား – မ ရေးရာ
၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ
ဖွံ့ဖြိုးရေးဗျူဟာ တည်မှုဆိုင်မှုဆိုင်ရာအခြေပြဖယား

၁။ တည်နေရာနှင့် ပထဝီအနေအထား

အိမ်ထောင်စုပေါင်း(၂၀၃) စုနှင့် ကျား (၃၃၆)၊ မ(၄၀၇) ဦးဖြင့် လူဦးရေပေါင်း (၇၄၃)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း (၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံးတို့၏ ၇၄.၅% ရှိပါသည်။

စံတင်ကင်း(တောင်) ကျေးရွာအုပ်စုသည် မြင်းမူမြို့၏ အနောက်ဘက်တွင် တည်ရှိပါသည်။ မြေပြန့်လွင်ပြင်ဖြစ်ပါသည်။ အနောက်ဘက်တွင် စည်ပင်၊ ကံသာနှင့် တွင်းကြီးကျေးရွာ၊ တောင်ဘက်တွင် ဘိုးမင်းကြီးကင်းကျေးရွာ၊ မြောက်ဘက်တွင် မဲနော၊ ရွှေယင်းမာကျေးရွာနှင့် အရှေ့ဘက်တွင် အလွှကပွကျေးရွာများ ရှိပါသည်။ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေများဖြစ်ပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာတွင် အဝီစိတွင်းများမှ စိုက်ပျိုးရေရရှိသော်လည်း မိုးရေကိုအားထား၍ စိုက်ပျိုးရပါသည်။ မိုးရေချိန်လက်မ (၄၀)အောက်သာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း (၄) ဖွဲ့ရှိပါသည်။ ကျန်းမာရေးနှင့် လူမှုကူညီရေးပရဟိတအဖွဲ့၊ ရပ်ရွာလူမှုကူညီရေးအမျိုးသားအဖွဲ့၊ ရပ်ရွာလူမှုကူညီရေးအမျိုးသမီးအဖွဲ့နှင့်ရပ်ရွာမီးလင်းရေးလူငယ်အဖွဲ့တို့ဖြစ်ကြပါသည်။ ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နေကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမာန်အားဖြင့် အသင့်တင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၂၉% သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ် သတ်မှတ်ကြပြီး (၄၁.၃၇%)သည် အလယ်အလတ်အဆင့်၊ (၂၉.၅၅%) သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေဧက(၉၄၇)ဧက၊ဥယျာဉ်ခြံမြေဧကရှိပြီး ယေဘုယျအားဖြင့် အသင့်အတင့်ရှိပါသည်။ စိုက်ပျိုးရေးကို မိုးရွာမှရရှိပြီး လုံလောက်မှုမရှိပါ။

ကျေးရွာတွင် အဓိကအားဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ ကုလားပဲတို့ကို စိုက်ပျိုးကြပါသည်။ ပျမ်းမျှအားဖြင့် အထွက်နှုန်းအသင့်အတင့်ရှိပါသည်။ တစ်ချို့အိမ်ထောင်စုများမှာ လျှော်ဖြူစိုက်ခင်းများနှင့် သရက်ခြံ၊ ပန်းခြံများ စိုက်ပျိုးကြပါသည်။ ပဲတစ်ဧက (၁၀)တင်းနှင့် မြေပဲတစ်ဧက (၂၅)တင်းနှုန်း ထွက်ရှိပါသည်။ လယ်ယာသုံးကိရိယာများမှာ ထွန်စက် (၂)စီး၊ လက်တွန်းထွန်စက် (၄)စီးရှိပါသည်။ ကျေးရွာရှိတောင်သူများသည် ၄းရမ်းထွန်ယက်ကြရာတွင် တစ်ဧကကာလပေါက်စျေး ၂၀၀၀၀/-ကျပ် ဝန်းကျင်ပေး၍ ၄းရမ်းရသဖြင့် စျေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ရသည်။

မွေးမြူရေးအနေဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ နွား၊ နို့စားနွားများကို အဓိကအားဖြင့် လယ်ယာသုံးလုပ်ငန်းတွင် အသုံးပြုရန်နှင့် အပိုဝင်ငွေရရှိရန် မွေးမြူကြပါသည်။ သိုး၊ ဝက်၊ ကြက်များကိုလည်း မွေးမြူကြပါသည်။

အိမ်ထောင်စုအချို့မှာလည်း ကျပန်းလက်လုပ်လက်စား၊ လက်သမား၊ ပန်းရံ၊ အိမ်စျေးဆိုင်စသော အသေးစားအိမ်တွင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအနေဖြင့် သပိတ်အိတ်ယက်လုပ်ခြင်းကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာတွင် ကုန်သွယ်မှုနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်နှင့်ထော်လာကျီ (၃)စီး၊ ကား (၂)စီးတို့ကို အသုံးပြုနေကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီး

မရှိသည်မှာလည်း အားနည်းချက်တစ်ရပ်ဖြစ်ပါသည်။ ဆိုလာမီးကို အိမ်ထောင်စုအချို့သာ အသုံးပြုနိုင်ကြပါသည်။ ဒီဇယ်အင်ဂျင်ဖြင့် ည(၇)နာရီမှ (၉)နာရီထိ ကိုယ်ထူကိုယ်ထမီးပေးပါသည်။ ကျေးရွာတွင် ဖုန်းတာဝါတိုင်နှင့်နီးသဖြင့် ဖုန်းဆက်သွယ်မှုကောင်းမွန်သဖြင့် အိမ်တိုင်းနီးပါး လက်ကိုင်ဖုန်းအသုံးပြုကြပါသည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦ မရှိသေးပါ။

၆။ ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်း တွေ့ရှိရသည်။ ရွာသားအများစုသည် အခြေခံ အရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး၊ စာမတတ်သူရာခိုင်နှုန်းသည် (၀.၇၅%)သာရှိပါသည်။ လူဦးရေ၏ ထက်ဝက်ကျော် (၆၇.၆၂%)သည် အခြေခံမူလတန်းပညာပြီးမြောက်သူများဖြစ်ပါသည်။ ကျေးရွာလူဦးရေ၏ ထက်ဝက်ကျော် (၇၅.၅%)သည် အခြေခံပညာမူလတန်းပြီးမြောက်သူများ ဖြစ်ကြောင်း တွေ့ရပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းအဆင့်ရှိပါသည်။ ဆရာ/ဆရာမ အစိုးရခန့် ၉ဦးရှိပါသည်။ ကျေးရွာရှိကျောင်းတွင် အဆောက်အဦးအားဖြင့် (၃)ဆောင်ရှိပါသည်။ ပင်မဆောင်သည် ၁၉၇၅ခုနှစ်တွင် နိုင်ငံတော်ခွင့်ပြုငွေ (၈၀၀၀/-)ကျပ်၊ ပြည်သူထည့်ဝင်ငွေ (၁၂၀၀၀/-)ကျပ်ဖြင့် တည်ဆောက်ပြီး အဆောင် (၃)မှာ ၂၀၀၆ခုနှစ်တွင် ပြည်သူထည့်ဝင်ငွေ (၁၂၄၁၇၀၀/-)ကျပ်ဖြင့်ဆောက်လုပ်ခဲ့ပါသည်။ ပင်မအဆောင်မှ မုန်တိုင်း ဒဏ်ကြောင့် ပျက်စီးနေပါသဖြင့် အသုံးပြု၍မရသဖြင့် ယာယီထန်းလက်တဲဖြင့် ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားရေးအတွက် အခက်အခဲများရှိနေပါသည်။ ထို့ကြောင့် ကျောင်းဆောင်အသစ်ရရှိရန် ကျေးရွာလူထုမှ လိုလားနေကြပါသည်။ အထက်တန်းပညာရေးအတွက် အလွှကပွကျေးရွာသို့ သွားရောက်သင်ယူကြရပါသည်။ ကျေးရွာ၏ ပညာသင်ကျောင်းတက်နှုန်းကောင်းမွန်ပါသည်။ အထက်တန်းနှင့် တက္ကသိုလ် ပညာသင်ယူမှုအားနည်းလျက်ရှိပါသည်။ အလယ်တန်းအဆင့်ပြီးလျှင် ကျောင်းထွက်၍ ပြင်ပစီးပွားရေးလုပ်ငန်းကိုသာ ထွက်၍ လုပ်ကိုင်ကြသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် ကျန်းမာရေးအနေဖြင့် ဝမ်းပျက်ဝမ်းလျောရောဂါနှင့် ဆီးချိုရောဂါ အသင့်အတင့်နှင့် ရာသီကူးပြောင်းချိန်တွင် ဖြစ်တတ်သော တုတ်ကွေးရောဂါ၊ နှာစေး ချောင်းဆိုးရောဂါတို့လောက်သာဖြစ်ပွားပါသည်။ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ် များအား ကျန်းမာရေးဌာနမှ ကာကွယ်ဆေးထိုးခြင်းကို ပုံမှန်လာရောက်ထိုးပေးပါသည်။ အခြေခံကျန်းမာရေးဆောင်ရွက်မှုတို့ကို (၂)မိုင်ခန့်အကွာရှိ အလွှကပွကျေးရွာရှိ ကျေးလက် ဆေးပေးခန်းနှင့် (၈)မိုင်ကျော်ခန့်ကွာဝေးသော မြင်းမူမြို့ပြည်သူ့ဆေးရုံတွင် သွားရောက် ကုသဆောင်ရွက်ကြရပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်အနေဖြင့် မိုးခေါင်သဖြင့် အသီးအနှံများ မဖြစ်ထွန်းခြင်းနှင့် မိုးရာသီမိုးများသောအခါ ကျေးရွာတွင်းလမ်းများမကောင်းသဖြင့် ရှုံ့နှံ များနှင့်ရေဗွက်ရေအိုင်များဖြစ်ကာ သွားလာရခက်ခဲသဖြင့် ကျောင်းသူကျောင်းသားများ ပညာရေးအဟန့်အတားဖြစ်စေခြင်းနှင့် ကုန်သွယ်မှုအခက်အခဲဖြစ်ကြရပါသည်။ လယ်ယာ မြေလုပ်ငန်းများသည် မိုးရေကိုသာ အားထားလုပ်ရသော အခြေအနေဖြစ်သဖြင့် လုပ်ငန်း နည်းပါးခြင်း ဝင်ငွေနည်းပါးခြင်းများရှိသဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်သော အရွယ်ရောက် လူငယ်လူရွယ်တို့သည် အခြားသောဒေသများသို့ သွားရောက်၍ အလုပ်လုပ်ကြရပါသည်။

၉။ ကျား – မ ရေးရာ

ကျေးရွာတွင် အမျိုးသား/အမျိုးသမီးများသည် ပညာရေးနှင့်အခြားနယ်ပယ်တို့တွင် အခွင့်အရေးတူညီစွာရရှိပါသည်။ ကျေးရွာတွင် သာရေး၊ နာရေးနှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်၍ ဆောင်ရွက် လုပ်ကိုင်ကြပါသည်။

၁၀။ ကျေးရွာမှရွေးချယ်ထားသော ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဦးစားပေးစီမံချက်	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၁
၂	ကျန်းမာရေး	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၂
၃	လူငယ်	အသက်မွေးဝမ်းကျောင်းပညာသင်ကြားခြင်း	၃
၄	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာပေးခြင်း သင်တန်းပေးဖွင့်လှစ်ခြင်း	၄